# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 4, 2024 Volume 80, Number 4

၄.၇.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၅၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၇.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၃.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၇.၈ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၀.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၈၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၄၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၁၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၃၅၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၈၅,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဘက်ကိုပဲ အဓိကထားတင်ပို့ရောင်းချနေပါတယ်။ ဖျာပုံမြို့နယ်ဘက်က ဆန်ကွဲအိတ်တွေကို ကုန်ကားတွေနဲ့တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို ဇွန်လ ပထမပတ်လောက်ကနေစပြီး သိသိသာသာ ဝယ်လိုအားကောင်းခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံပိုင်ရှင်တွေက အဆက်မပြတ် တင်ပို့ရောင်းချနေပါတယ်။ အခုလို အခက်အခဲမရှိ အဆင်ပြေပြေ တင်ပို့ရောင်းချနေရလို့ ကုန်သည်တွေ အဆင်ပြေနေပါတယ်" ဟု ၎င်းကပြောသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၅၆,၅၀၀ ပေါက်ဈေးရှိကြောင်း အဆိုပါဆန်ကွဲများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

Source: **ရတနာပုံသတင်းစာ**

## မန္တလေးဈေးကွက်တွင် ပြည်ပကဝယ်ယူမှုများပြား၍ ပဲတီစိမ်းအရောင်းအဝယ် ပြန်လည်ကောင်းမွန်လျက်ရှိ

မန္တလေးဈေးကွက်တွင် ပြည်ပဝယ်ယူမှုများပြား၍ ပဲတီစိမ်းအရောင်းအဝယ် ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

လက်ရှိ မန္တလေးဈေးကွက်အတွင်း ပဲတီစိမ်းကို ဝယ်ယူမှုများပြားလာကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပက ဝယ်ယူမှုပြန်လည်များပြားလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ပဲတီစိမ်းအရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

သိရသည်။ "ပဲတီစိမ်းက မန္တလေးဈေးကွက်အတွင်းမှာတော့ အဝယ်လိုက်တဲ့ ကုန်စည်ထဲမှာပါဝင်ပါတယ်။ အခုလတ်တလော ကြိုက်ရောင်းကြိုက်ဝယ်တွေပြန်များလာပြီး အရောင်းအဝယ်ကလဲ တော်တော်လေး ပြန်ကောင်းလာတယ်။ နောက်ပိုင်း ပဲတီစိမ်း အရောင်းအဝယ်က ဒီထက်ပိုပြီး ကောင်းမွန်လာမဲ့ အနေအထားမှာရှိပါတယ်" ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော် အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း၌ ယနေ့ပေါက်ဈေးအရ ပဲတီစိမ်းဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၆,၀၀၀ ထိပေါက်ဈေးရှိပြီး၊ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာကြောင်း၊ ပြည်တွင်း၌ ပဲတီစိမ်းကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် အများဆုံးစိုက်ပျိုးကြကြောင်းသိရသည်။

Source: **ရတနာပုံသတင်းစာ**

## ဆန်စပါးသိုလှောင်ရုံများ ဇူလိုင်(၇) ရက်နေ့ နောက်ဆုံးထား၍ မှတ်ပုံတင်ဆောင်ရွက်ရန် MRF အသိပေး

ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ခြင်းကို ဇူလိုင် ၇ ရက် နောက်ဆုံးထားဆောင်ရွက်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ကြေညာထားသည်။

ဆန်တန်ချိန် ၅၀ သို့မဟုတ် စပါးတင်း ၅၀၀၀ နှင့်အထက် သိုလှောင်သည့် ဆန်စပါးသိုလှောင်ရုံပိုင်ရှင်များအနေဖြင့် မိမိတို့၏ သိုလှောင်ရုံများ မှတ်ပုံတင်ခြင်းကို ဇူလိုင်လ ၇ ရက် နောက်ဆုံးထား၍ အလေးအနက်ပြု ဆောင်ရွက်ကြရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထပ်မံအသိပေးထားသည်။

ဆန်စပါးသိုလှောင်ရုံ ပိုင်ရှင်များအနေဖြင့် မိမိတို့၏သိုလှောင်ရုံများကို Myanmar Rice Online (MyRO) www.myro.com.mm တွင် မဖြစ်မနေ မှတ်ပုံတင်ဆောင်ရွက်ပေးကြရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အသိပေးထားပြီး ဖြစ်သည်။

ထို့ပြင် မှတ်ပုံတင်ရန် အချိန်မီဆောင်ရွက်နိုင်ခြင်းမရှိသေးပါက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ သိုလှောင်ထားရှိမှု အခြေအနေများကို ကြိုတင်စာရင်းပေးပို့ထားရှိရန်လည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် မှတ်ပုံတင်ပြီးသော သိုလှောင်ရုံပိုင်ရှင်များအနေဖြင့်လည်း ကုန်ရ/ထုတ်ကုန်/ကုန်လက်ကျန်လချုပ် Update စာရင်း ရေးသွင်းခြင်းကို လစဉ် လကုန်ပြီး ၇ ရက်အတွင်း နောက်ဆုံးထား၍ (မပျက်မကွက်) တိကျစွာ တင်ပြဆောင်ရွက်ပေးကြရန် ဖုန်း SMS ဖြင့် ပေးပို့အကြောင်းကြားထားပြီးဖြစ်ကြောင်း၊ ယင်းကြောင့် သတ်မှတ်ချက်များကိုဆောင်ရွက်ရန် ပျက်ကွက်သည် ဖြစ်စေ၊ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် တင်ပြချက်များနှင့်ကိုက်ညီမှုမရှိလျှင်ဖြစ်စေ ထိရောက်စွာအရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Source: Popular News Journal

## ဆိပ်ဖြူကြက်သွန်နီ ဇွန်လ(စတုတ္ထပတ်)တွင် ဈေးငြိမ်ပြီးအရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူကြက်သွန်နီဈေးကွက်တွင် ၂၀၂၄ ခုနှစ်၊ ဇွန်လ (စတုတ္ထပတ်) တွင် စားဖိုဆောင် သီးနှံ ကြက်သွန်နီဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဇွန်လ(စတုတ္ထပတ်)တွင် ကြက်သွန်နီအမြင့်ဈေး တစ်ပိဿာ လျှင် ထိပ်စ ကျပ် ၁၉၀၀၊ အလတ်စ ကျပ် ၁၈၀၀၊ အသေးစ ကျပ် ၁၆၀၀ ဈေးနှုန်းရှိခဲ့ပြီး ယခင်ဇွန်လ(တတိယပတ်)နှင့် ကာလတူ နှိုင်းယှဉ်ကြည့်ပါက ဈေးအတက်အကျမရှိ ဈေးငြိမ်ပြီးအရောင်းအဝယ်ဖြစ်နေကြောင်း၊ ယခုဇွန်လ (စတုတ္ထပတ်)တွင် ဈေးကွက်သို့ ကုန်ဝင်ရောက်မှုများပြီး ဥပုသ်နေ့မှလွဲ၍ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ရက်လျှင် ကုန်ချိန်ပိဿာ ၂၀၀၀၀ မှ ၃၀၀၀၀ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မြို့ပေါ်ရှိ ကြက်သွန်နီပွဲရုံများတွင်သာ အရောင်းအဝယ် ဖြစ်ကြောင်း သိရှိရသည်။

ပခုက္ကူဈေးကွက်သို့ ကူရှည်၊ ဆင်နီတောင်၊ ဒေါသာ၊ ပင်းတလဲ၊ ရွာသစ်ကြီး၊ လိပ်ခြံကျေးရွာများမှ အများဆုံးဝင်ရောက် လျက်ရှိကြောင်းသိရသည်။ ကုန်စည်စီးဆင်းမှုအနေဖြင့် ရန်ကုန်ဘုရင့်နောင်ပွဲရုံသို့ အများဆုံးတင်ပို့လျက်ရှိကြောင်း၊ ပြည်ပဝယ်လက် ရှိသော်လည်း လမ်းပန်းဆက်သွယ်မှုခက်ခဲ၍ မော်လမြိုင်၊ မြဝတီမြို့များသို့ ကုန်စည်စီးဆင်းမှုနည်းကြောင်း၊ ယခုဇွန်လ

(စတုတ္ထပတ်)တွင် ကြက်သွန်နီကုန်ချိန် ပိဿာ ၂ သိန်း၊ တန်ချိန်အားဖြင့် ၃၂၆ တန်ခန့် ကုန်စည်စီးဆင်းခဲ့ကြောင်း၊ မြို့တွင်း လက်လီဈေးအနေဖြင့် ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၂၀၀၀-၂၅၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်မှ သိရသည်။

**Source: DOCA (မကွေး)**

https://www.doca.gov.mm/

## အိန္ဒိယ-မြန်မာကုန်သွယ်ရေးတွင် ရူပီးနှင့်ကျပ် တိုက်ရိုက်ပေးချေမှုစတင်

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်ရေးမှာ ရူပီးနဲ့ကျပ်ငွေ ကုန်သွယ်မှုပေးချေရေးယန္တရားက ယခုအခါ စတင်ဆောင်ရွက်နေပြီလို့ အိန္ဒိယသံရုံး(ရန်ကုန်)က ထုတ်ပြန်လာပါတယ်။

ကုန်သွယ်ရေးငွေပေးချေမှုမှာ ပထမဆုံးအကြိမ် ရူပီးနဲ့ကျပ် တိုက်ရိုက်ငွေပေးချေမှုအဖြစ် ပဲမျိုးစုံတင်ပို့မှုအတွက် ရူပီး ၁ ကုဋေကျော်ကို ပန်ဂျပ်အမျိုးသားဘဏ်(ရန်ကုန်ရုံး)က အောင်မြင်စွာ ဆောင်ရွက်ခဲ့တယ်လို့ ဆိုပါတယ်။

ဤငွေပေးယန္တရားမှ အကျိုးရှိစေဖို့ နှစ်ဖက်စလုံးမှ စီးပွားရေးလုပ်ငန်းများကို တိုက်တွန်းအပ်ပါသည်လို့ အိန္ဒိယသံရုံးက ထုတ်ပြန်ပြောကြားထားပါတယ်။

ကုန်သွယ်မှုမှာ ရူပီး-ကျပ် တိုက်ရိုက်လွှဲပြောင်းပေးချေမှုဟာ နှစ်နိုင်ငံကုန်သွယ်မှုကိုမြှင့်တင်ဖို့နဲ့ ပြည်တွင်းငွေကြေး သုံးစွဲမှုကိုမြှင့်တင်ဖို့ ရည်ရွယ်ထားတာပါ။

အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံရဲ့ အဓိကကုန်သွယ်ဖက်နိုင်ငံတွေမှာပါဝင်ပြီး မြန်မာနိုင်ငံကနေ စတုတ္ထမြောက် ပို့ကုန်အများဆုံး တင်ပို့တဲ့နိုင်ငံ၊ ဆဋ္ဌမမြောက် သွင်းကုန်အများဆုံးတင်သွင်းတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။

အာရှဗဟိုဘဏ်များ စာရင်းရှင်းလင်းရေးအဖွဲ့(အေစီယူ) အဖွဲ့ဝင်နိုင်ငံများအနက် မြန်မာနိုင်ငံက အိန္ဒိယနိုင်ငံနဲ့ ကုန်သွယ်မှု အများဆုံး ပြုလုပ်ထားပါတယ်။

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတွင် Special Rupee Vostro Account (SRVA) ကို အသုံးပြုပြီး ငွေပေးချေမှု လုပ်ငန်းစဉ်များဆိုင်ရာ လမ်းညွှန်ချက် (Guideline) ကို ပြီးခဲ့တဲ့ ဇန်နဝါရီလ ၂၄ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။

ရူပီး-ကျပ် တိုက်ရိုက်ဖလှယ်မှုကြောင့် ငွေပေးချေမှုတွေ အားကောင်းလာပြီး တိုင်းပြည်စီးပွားရေးကို အထောက်အကူ ပြုစေနိုင်မည်ဖြစ်သလို နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်လာစေခြင်းတွေ စတဲ့အကျိုးကျေးဇူးများရရှိစေမှာလို့ ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ပြောကြားထားပါတယ်။

နှစ်နိုင်ငံကုန်သည်တွေအနေနဲ့လည်း ငွေပေးချေမှုနဲ့စာရင်းရှင်းလင်းမှုအတွက် ရူပီးနဲ့လိုင်စင်လျှောက်ထားပြီး ဘဏ် လမ်းကြောင်းကတစ်ဆင့် တရားဝင် အသုံးပြုနိုင်မယ်လို့ သိရပါတယ်။

ရူပီး/ကျပ်ပေးချေမှုအတွက် မြန်မာဘက်က UAB ဘဏ်နဲ့ CB ဘဏ်၊ အိန္ဒိယဘက်က ပန်ဂျပ်အမျိုးသားဘဏ်တို့ကို ဆောင်ရွက်ခွင့်ရသည့်ဘဏ် (Designated Bank) အဖြစ် ရွေးချယ်ထားပါတယ်။

**Source: BETV Business**

## လက်ရှိပြောင်းဈေးကောင်းသော်လည်း မျိုးစေ့ဈေးနဲ့မြေဩဇာဈေးတွေကြီးနေလို့ တောင်သူတွေ စိုက်ရန် အခက်တွေ့နေ




ထိုင်းအဝယ်လိုက်၍ ဈေးတက်လာသည့် ပြောင်းဈေးမှာ လတ်တလော ဈေးငြိမ်နေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှသိရသည်။

ဘုရင့်နောင်ပွဲရုံတွင် ဇွန်လ ၁၃ ရက်မှ လက်ရှိအချိန်ထိ ပြောင်းဆန်တစ်ပိဿာလျှင် ၁၄၀၀ မှ ၁၄၂၀ ဝန်းကျင်ဖြင့် ဈေးငြိမ်လျက်ရှိကြောင်း သိရသည်။ “လက်ရှိပြင်ပ အရောင်းအဝယ်ပြုလုပ်ရာတွင်လည်း ဖွင့်ဈေးဟူ၍ ဈေးအတိအကျသတ်မှတ်မပေးတော့ကြောင်း၊ ဈေးကွက်တွင် ရောင်းလိုသော ပြောင်းပမာဏအလိုက်သာကြည့်၍ ဈေးဖွင့်လာတာမျိုးရှိလာကြောင်း ပြောင်းလုပ်ငန်းရှင်တချို့ကပြောသည်။

နိုင်ငံတကာပေါက်ဈေးက ငြိမ်နေတယ်။ ဈေးကို အတိအကျသတ်မှတ်မထားကြပဲ ကြိုက်ဈေး သူတို့အဆင်ပြေတဲ့ဈေးနဲ့ အရောင်းအဝယ်လုပ်ကြတယ်။ ပြည်တွင်းတင်ပို့ရမှု အခက်အခဲတွေကြောင့်သာ ကျလိုက်တက်လိုက်ဖြစ်နေတယ်။ ကျသွားလည်း ၁၀၊ ၂၀ ဘဲ။ ထိုင်းကနေ ပြောင်းဝယ်နေတာရပ်လိုက်ရင် ပြောင်းဈေးကျသွားနိုင်ပါတယ်"ဟု ပြောင်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

နိုင်ငံတကာဈေးအနေဖြင့် ပြောင်းတစ်တန်လျှင် ၂၅၀ မှ ၂၇၀ ဒေါ်လာဖြင့် အရောင်းအဝယ်ဖြစ်နေသည်မှာ ရက်၂၀ ခန့် ကြာနေပြီဖြစ်ကြောင်းလည်း ဈေးကွက်မှသိရသည်။

လက်ရှိပြောင်းမှာ တောင်သူလက်ဝယ်တွင် မရှိတော့ကြောင်းသိရပြီး လှောင်လက်နှင့် ပွဲရုံ၊ ကုန်သည်များအချင်းချင်းသာ အရောင်းအဝယ်လုပ်နေကြကြောင်းလည်း သိရသည်။

ပြောင်းက တောင်သူတွေလက်ထဲမှာ မကျန်တော့ဘူးပါဘူး။ ဈေးတက်လည်း သူတို့လှောင်ထားနိုင်တဲ့သူတွေပဲ အကျိုးခံစားရတာ။ တောင်သူတွေက ငွေပြန်ပေါ်ဖို့ ပြောင်းရတာနဲ့ ရောင်းရတာ။ အခု ပြောင်းပြန်စိုက်ဖို့ ဆောင်ရွက်နေကြတယ်။ ပြောင်းမျိုးစေ့ဈေးနဲ့ မြေသြဇာဈေးတွေကြီးနေလို့ တောင်သူတွေအခက်တွေ့နေကြတယ်။ တချို့တောင်သူတွေဆို မစိုက်ကြတော့ဘူး။ တစ်ခြားသီးနှံပြောင်းစိုက်တယ်ဟု ပြောင်းစိုက်တောင်သူတစ်ဦးကပြောသည်။

ထိုင်းနိုင်ငံအနေဖြင့် နှစ်စဉ် ဖေဖော်ဝါရီလ ၁ ရက်မှ သြဂုတ်လ ၃၁ အထိ၊ ၇ လတာ ကာလသာ အကောက်ခွန် ကင်းလွတ်ခွင့်ဖြင့် တင်ပို့မှုခွင့်ပြုထားခြင်းဖြစ်ပြီး အခွန်ကင်းလွတ်ခွင့် ကာလမှာလည်း နီးနေပြီးဖြစ်ကြောင်းသိရသည်။

ပြောင်းဈေးမှာ လက်ရှိ ဈေးကောင်းရရှိနိုင်သော်လည်း ထိုင်းနိုင်ငံတွင်းမှာ သြဂုတ်လတွင် ပြောင်းများစတင် ပေါ်လာချိန်တွင် ဈေးပြန်လည်ကျဆင်းနိုင်ကြောင်းလည်း ခန့်မှန်းကြသည်။

ပြည်တွင်းမတည်ငြိမ်မှုကြောင့် ပြောင်းကို နယ်စပ်လမ်းကြောင်းများမှ တင်ပို့ရန်အခက်အခဲရှိနေပြီး ပင်လယ်ရေကြောင်း လမ်းကိုသာ အဓိကအားထားတင်ပို့ရမည်ဖြစ်ကြောင်းသိရသည်။

AEG ကုမ္ပဏီအနေဖြင့်လည်း ဇွန်လ ၂၄ ရက်က ပြောင်းတစ်ပိဿာလျှင် အေးသာယာတွင် ၁၂၁၀ ကျပ်၊ ရန်ကုန် သီလဝါဆိပ်ကမ်းတွင် ၁၄၁၀ ကျပ်ဖြင့် ထုတ်ပြန်ဝယ်ယူပေးခဲ့ပြီး ထပ်မံ၍ ဈေးအား အသစ်တစ်ဖန် ပြန်လည်ပြင်ဆင်သတ်မှတ် အသိပေးထားခြင်းမရှိကြောင်းသိရသည်။

**Source: (AMIA)**

https://t.me/htwettoe

## တင်ပို့မှုများကိုမြှင့်တင်ရန် တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ပီလောပီနံမဟာမိတ်အသင်းဖွဲ့

ကမ္ဘောဒီးယားစိုက်ပျိုးရေးထွက်ကုန်များ တရုတ်နိုင်ငံနှင့်ကမ္ဘာ့ဈေးကွက်သို့ တင်ပို့မှုမြှင့်တင်ရန် ကမ္ဘောဒီးယား-တရုတ် ပီလောပီနံမဟာမိတ်အသင်း(CCCAA)ကို ၂၀-၆-၂၀၂၄ ရက်က တရားဝင်တည်ထောင်ခဲ့သည်။ အသင်း၏ဖွင့်ပွဲအခမ်းအနားကို ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြည်ထောင်စုအတွင်းရေးမှူး Va Roth San နှင့် စိုက်ပျိုးရေးကဏ္ဍအသင်းမှ အဖွဲ့ဝင်များ၏ ကိုယ်စားလှယ်များက ဦးဆောင်ကျင်းပခဲ့ကြောင်းသိရသည်။ အသင်းတည်ထောင် ရသည့်ရည်ရွယ်ချက်မှာ ကမ္ဘောဒီးယား ပီလောပီနံနယ်ပယ်ကွင်းဆက် အရည်အသွေးမြင့်မားစွာဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်ဖြစ်ကြောင်း သိရသည်။

အသင်းသည် ပီလောပီနံနယ်ပယ်ရှိ တရုတ်နှင့်ကမ္ဘောဒီးယား ရင်းနှီးမြှုပ်နှံသူများကို ဆက်သွယ်ချိတ်ဆက်ပေးမည့် တံတား တစ်ခုအဖြစ် တာဝန်ယူသွားမည်ဟုသိရသည်။ တရုတ်နိုင်ငံဘက်က ကမ္ဘောဒီးယားနိုင်ငံကို အခြားနိုင်ငံများနှင့်ယှဉ်ပြိုင်နိုင်စေရန် ကမ္ဘောဒီးယားလယ်သမားများအား စိုက်ပျိုးထွန်ယက်ခြင်းနှင့် ထုတ်လုပ်ခြင်းနည်းစနစ်များ ကူညီပေးသွားမည်ဟုသိရသည်။ Rath San က အသင်းသည် ပိုမိုထုတ်လုပ်နိုင်မည့် မဟာဗျူဟာကိုပံ့ပိုးရန် နည်းပညာထောက်ပံ့မှုပံ့ပိုးသွားမည်ဖြစ်ပြီး အဘယ်ကြောင့်ဆိုသော် တရုတ်နိုင်ငံဘက်မှ ထွက်ရှိသည့်ပမာဏ အရှိန်မြှင့်တင်ရန် နည်းပညာနှင့်စက်ရုံများ ပိုင်ဆိုင်ထားသော ကြောင့်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးထွက်ကုန်များ တရုတ်နှင့်ကမ္ဘာ့ဈေးကွက်သို့ တင်ပို့မှုမြှင့်တင်ရန် များစွာသော အဓိက ရှယ်ယာများကြား နားလည်မှုသဘောတူစာချွန်လွှာ (MOU) ရေးထိုးခဲ့ကြပြီး အဆိုပါ MOU သည် ကမ္ဘောဒီးယားနိုင်ငံ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်ရေး အားထုတ်မှုသင်္ကေတ ဖြစ်ကြောင်းသိရသည်။ ရှယ်ယာရှင်များတွင် ကမ္ဘောဒီးယား-တရုတ် ဗီလောဗီနံမဟာမိတ်အသင်း(CCCAA)၊ ကမ္ဘောဒီးယားနိုင်ငံ ဧရာတ်ကောင်းနှင့်ဟင်းခတ်အမွှေးအကြိုင် အဖွဲ့ချုပ် (CPSF)၊ ကမ္ဘောဒီးယားနိုင်ငံ သီဟိုဠ်စေ့အသင်း (CAC) နှင့် Ningbo Welend Renewable Energy Co.,Ltd နှင့် အခြားသူများပါဝင်ကြောင်းသိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၁၄-၈-၂၀၂၀ ရက်က အစိုးရခွင့်ပြုထားသည့် ဗီလောဗီနံအမျိုးသားမူဝါဒ ၂၀၂၀-၂၀၂၅ ရှိကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်၏ ပထမလေးလတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅ ဘီလီယံ တန်ဖိုးရှိသည့် စိုက်ပျိုးရေးထွက်ကုန် တန်ချိန် ၅ ဒသမ ၃ သန်းကို ပြည်ပဈေးကွက်များသို့တင်ပို့ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ စိုက်ပျိုး မွေးမြူရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

**Source: Khmertimes**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## အိန္ဒိယနိုင်ငံတွင် မိုးရွာသွန်းမှုများပြားခြင်း၊ အချိန်အခါမဟုတ် စိုက်ပျိုးခြင်းများသည် အချို့သော မိုးရာသီကောက်ပဲသီးနှံများကို ထိခိုက်နိုင်ဖွယ်ရှိ

အိန္ဒိယမိုးလေဝသဌာနက မိုးနှောင်းပိုင်းတွင် ပုံမှန်ထက်မိုးရွာသွန်းနိုင်ကြောင်း ခန့်မှန်းချက်အရ အစိုဓာတ်များပြားပြီး မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲပုပ်အထွက်နှုန်းများအပေါ် သက်ရောက်မှုများရှိမည်ကို စိုးရိမ်မှုများ မြင့်တက်လျက်ရှိကြောင်း၊ မိုးဦး နောက်ကျသဖြင့် စိုက်ပျိုးမှုနောက်ကျခြင်း၊ သီးနှံများရိတ်သိမ်းချိန်တွင် သို့မဟုတ် ပန်းပွင့်ချိန်နှင့် အဖူးထွက်ချိန်တို့တွင် မိုးများလိုအပ်သည်ထက် ပိုမိုရွာသွန်းခြင်းတို့သည် ပဲတီစိမ်း၊ မတ်ပဲ၊ ပဲပုပ်နှင့်ဝါသီးနှံများကို ထိခိုက်နိုင်သကဲ့သို့ အထွက်နှုန်း ကိုလည်း သိသိသာသာကျဆင်းစေနိုင်ကြောင်း၊ သို့ရာတွင် ယခုနှစ်၌ မတ်ပဲနှင့်ပဲစင်းငုံများ ဈေးကောင်းရရှိမှုကြောင့် စိုက်ပျိုး ဧကများ ကြီးမားစွာတိုးလာမည်ဟု ပဲလုပ်ငန်းရှင်များက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း(IPGA)ကော်မတီဝင် B Krishnamurthy က ရိတ်သိမ်းချိန်တွင် မိုးရွာသွန်းမှု ပုံမှန်ရရှိပါက မတ်ပဲအထွက်နှုန်းကောင်းရန် မျှော်လင့်နိုင်ပါကြောင်း၊ သို့ရာတွင် ရိတ်သိမ်းချိန်၌ မိုးအလွန်အကျွံရွာသွန်းပါက သီးနှံအရည်အသွေးကို ထိခိုက်နိုင်ကြောင်း၊ ယခင်အတွေ့အကြုံအရ စိုက်ဧကတိုးလာရုံမျှဖြင့် အထွက်နှုန်းကို အာမခံနိုင်မည် မဟုတ်ကြောင်း၊ အစိုးရအေဂျင်စီများ၏ စိုက်ပျိုးဧက အချက်အလက်များမှာ အားတက်စရာဖြစ်ပြီး ဈေးနှုန်းများကျလာရန် မျှော်လင့်နေကြောင်း ပြောကြားထားသည်။

လာနီနာဖြစ်ရပ်များ အကြိမ်ရေတိုးလာခြင်းသည် အိန္ဒိယနိုင်ငံ၏ မုတ်သုံမိုးရွာသွန်းမှု ပုံစံအပြောင်းအလဲများနှင့် ဆက်စပ်နေပါကြောင်း၊ လာနီနာနှစ်တွင် မိုးနှောင်းပိုင်း၌ မိုးရွာသွန်းမှုများ ပိုမိုများပြားမည်ဟု မိုးလေဝသပညာရှင်များက ပြောကြားထားကြောင်း၊ ယခုနှစ်တွင် လာနီနာက ဇူလိုင်လတွင် ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ လာနီနာကာလတွင် စက်တင်ဘာလ၌ မိုးရွာသွန်းမှုအားကောင်းပြီး ပုံမှန်အားဖြင့် အောက်တိုဘာလ ရက်သတ္တပတ်အနည်းငယ်အထိ ကြာမြင့် တတ်ကြောင်း Earth Science ဝန်ကြီးဌာန အတွင်းရေးမှူးဟောင်း M Rajeevan က ပြောကြားထားသည်။

သို့ဖြစ်ပါ၍ အိန္ဒိယ၌ ယခုနှစ်တွင် ပဲစင်းငုံနှင့်မတ်ပဲများ တိုးမြှင့်စိုက်ပျိုးလာကြသော်လည်း လာနီနာရာသီဥတုကြောင့် မိုးနှောင်းကာလတွင် မိုးရွာသွန်းမှုများပြားပြီး သီးနှံအထွက်နှုန်းအပေါ် သက်ရောက်မှုများရှိလာမည်ကို စိုးရိမ်မှုများဖြစ်ပေါ်လျက် ရှိသည်။

**Source: Excess rainfall, untimely sowing likely to hit some kharif crops, The Economic Times, 29 June, 2024.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/

# STOCK EXCHANGE (4.7.2024)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 4th Jul. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,315 (Shares) | 37,536,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +100 | +1.12% | 9,000 | 9,000 | 8,900 | 203 | 1,817,700 | 33,109,694 | 297,987 |
| MTSH | 00002 | 3,450 | +50 | +1.47% | 3,400 | 3,450 | 3,400 | 6,827 | 23,223,000 | 38,929,150 | 134,306 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 126 | 1,033,200 | 10,400,986 | 85,288 |
| FPB | 00004 | 1,750 | +50 | +2.94% | 1,650 | 1,750 | 1,650 | 1,655 | 2,754,200 | 29,664,613 | 51,913 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,700 | 2,750 | 2,700 | 357 | 978,900 | 12,823,224 | 35,264 |
| EFR | 00006 | 1,800 | -100 | -5.26% | 1,850 | 1,850 | 1,800 | 2,089 | 3,781,150 | 19,977,223 | 35,959 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,500 | 4,700 | 4,500 | 28 | 126,400 | 10,497,598 | 49,339 |
| MAEX | 00008 | 3,700 | -50 | -1.33% | 3,750 | 3,750 | 3,700 | 1,030 | 3,822,150 | 23,804,946 | 88,078 |


YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 4th Jul. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,315 (Shares) | 37,536,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +100 | +1.12% | 9,000 | 9,000 | 8,900 | 203 | 1,817,700 | 33,109,694 | 297,987 |
| MTSH | 00002 | 3,450 | +50 | +1.47% | 3,400 | 3,450 | 3,400 | 6,827 | 23,223,000 | 38,929,150 | 134,306 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 126 | 1,033,200 | 10,400,986 | 85,288 |
| FPB | 00004 | 1,750 | +50 | +2.94% | 1,650 | 1,750 | 1,650 | 1,655 | 2,754,200 | 29,664,613 | 51,913 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,700 | 2,750 | 2,700 | 357 | 978,900 | 12,823,224 | 35,264 |
| EFR | 00006 | 1,800 | -100 | -5.26% | 1,850 | 1,850 | 1,800 | 2,089 | 3,781,150 | 19,977,223 | 35,959 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,500 | 4,700 | 4,500 | 28 | 126,400 | 10,497,598 | 49,339 |
| MAEX | 00008 | 3,700 | -50 | -1.33% | 3,750 | 3,750 | 3,700 | 1,030 | 3,822,150 | 23,804,946 | 88,078 |


## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 4th Jul. 2024

| Trading Volume | Trading Value |
|---|---|
| 12,315 (Shares) | 37,536,700 (MMK) |

### Main Board

As of 1:00 pm, 4th Jul. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,315 (Shares) | 37,536,700 (MMK) |

| MYANPIX | 412.54 ▲ 1.88 |
|---|---|
| Total Volume (shares) | 12,315 |
| Total Value (MMK) | 38 mil |
| Listed Company | 8 |
| Market Cap. (MMK) | 778,134 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 100 |
| MTSH | 00002 | 3,450 | ▲ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,750 | ▲ 50 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,800 | ▼ 100 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 3,700 | ▼ 50 |